နိုင်းကြာကျေးရွာ
ဘားအံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နိုင်းကြာကျေးရွာ၊ ဘားအံမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၅ ခုနှစ်၊ ဧပြီလ

# မာတိကာ

| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **နိုင်းကြာကျေးရွာ သယံဇာတပြမြေပုံ၊ ဘားအံမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံစိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးနှင့်ရေလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |

**၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** ၁၂

**၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** ၁၃

## နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း ၁၄

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၅

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၇၅

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) ၇၇

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂) ၇၉

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃) ၈၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်၊ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်

သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၂၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နိုင်းကြာကျေးရွာ
ဘားအံမြို့နယ်

## လှာကဒေါင်ကျေးရွာအုပ်စု၊နိုင်းကြာကျေးရွာသယံဇာတပြမြေပုံ၊ ဘားအံမြို့နယ်



## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

နိုင်းကြာကျေးရွာသည် ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ လှာကဒေါင်ကျေးရွာအုပ်စုတွင် တည်ရှိပြီး ဘားအံမြို့နှင့် (၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူလယ်သမားများမှာ မိုးစပါး၊နွေစပါးများကို စိုက်ပျိုးကြပြီး ရေမြေ သဘာဝကောင်းမွန်မှုကြောင့် စပါးထွက်နှုန်း အသင့်အတင့်ကောင်းမွန်ပါသည်။ ရာသီပေါ် အသီးအရွက်ပင်စိုက်ပျိုးသူများလည်း ရှိကြပါသည်။ နှစ်ရှည်ရာဘာခြံလည်း စိုက်ပျိုးကြပါသည်။ နိုင်းကြာကျေးရွာ၏ အဓိကထွက်ကုန်များမှာ စပါးနှင့် ရာဘာအနည်းငယ် တို့ဖြစ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြေပြန့်ဒေသဖြစ်သောကြောင့် နွေ၊မိုး၊ ဆောင်းရာသီဥတုကိုခံစားရပြီး လယ်ယာ၊ ချောင်းမြောင်းပေါများသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူနေမှုအဆင့်အတန်း အခက်အခဲများရှိသဖြင့် လယ်သမားအဖွဲ့မှ သေရေး၊နာရေးအသင်းရန်ပုံငွေစုပြီး ငွေစုငွေချေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်ပေးခြင်း၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့မှလည်း ကလေးသူငယ်များအတွက် ပညာရေးစရိတ်၊ ကျန်းမာရေးစရိတ်၊ အစာအာဟာရပံ့ပိုးစရိတ်များ ထုတ်ပေးကူညီမှုများလည်းရှိပါသည်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်းအဖွဲ့များနှင့် ပရဟိတအများ အကျိုးဆောင်အဖွဲ့များလည်း ဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်သည်။ လယ်မြေ စိုက်ပျိုးခြင်းနှင့် နှစ်ရှည်ရော်ဘာစိုက်ပျိုးခြင်းများလည်း လုပ်ကိုင်လျက်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ လိုအပ်မှုကြောင့် အရည်အသွေး ပြည့်မီသော စပါးအထွက်နှုန်း အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာဝန်ဆောင်မှုများကိုလိုအပ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများလည်း လိုအပ်လျက်ရှိပါသည်။

လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုအသင့်အတင့်ရှိသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ မရှိပါ။ မိုးရေကိုသာ အဓိကအသုံးပြုနေကြရပါသည်။ ကျွန်တော်တို့ကျေးရွာတွင် စပါးကိုအဓိက စိုက်ပျိုးသော်လည်း မျိုးကောင်းမျိုးသန့်များ အချိန်မီမရရှိသည့် ပြဿနာကြုံတွေ့ နေရပါသဖြင့် အထွက်နှုန်း ကျဆင်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စက်ကိရိယာ များအနည်းအကျဉ်းဖြင့်လုပ်ကိုင်ပြီး အရစ်ကျစနစ်ဖြင့် ထွန်စက်၊ ခြွေလှေ့စက်များချပေးရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ရေလုံလောက်စွာမရရှိခြင်း၊ စိုက်ပျိုးစရိတ် ချေးငွေများနှောင့်နှေးခြင်း များကြောင့် စိုက်ပျိုးသူများမှာ အချိန်မီလယ်ယာဆေးဝါးများ ဝယ်ယူရန်ခက်ခဲခြင်း၊ မျိုးစပါးနှင့်စိုက်ပျိုးရေးနည်းပညာများ၊ ရေစုပ်စက်များ လိုအပ်နေ သည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင်မြေကေနည်းပါးမှု၊ ရေမလုံလောက်မှု၊ တို့ကြောင့် သီးနှံထုတ်လုပ်မှု နည်းပါးခြင်းဖြစ်သည်။ စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့များလည်း လာရောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။

### (ခ) မွေးမြူရေးနှင့်ရေလုပ်ငန်း

ကျေးရွာတွင် မွေးမြူးရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။ နွားများအား လယ်ယာလုပ်ငန်းတွင် အသုံးပြုရန် မွေးမြူကြပါသည်။ ကျန်တိရိစ္ဆာန်များအား မိသားစုစားသောက်ရန်သာ မွေးမြူကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ် မမွေးမြူနိုင်သေးဘဲ တစ်နိုင်တစ်ပိုင် အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် စားကျက်မြေမရှိပါ။ ငွေအရင်းအနှီးမလုံလောက်သည့်အတွက် စီးပွားဖြစ်မွေးမြူ နိုင်ခြင်းမရှိသေးပါ။ အစားအစာနှင့် နည်းပညာဆေးဝါးများကိုရရှိနိုင်ရန် ချိတ်ဆက်ပေးစေလိုပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး၊ ထိုင်းနိုင်ငံသို့သွားရောက်အလုပ် လုပ်ကိုင်သည့်အိမ်ထောင်စုနှင့် ကျပန်းအလုပ်လုပ်ကိုင်သည့် အိမ်ထောင်စုအများအပြား ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ တိရိစ္ဆာန်မွေးမြူရေးကိုဖြင့် စီးပွားဖြစ်မမွေးမြူ နိုင်ဘဲ တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသည်ကို တွေ့ရှိရပါသည်။ ကျွန်တော်တို့ကျေးရွာတွင်

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် လက်သမား၊ ပန်းရံလုပ်ငန်း ဒေသအလိုက်လုပ်ကိုင်နေကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ ရှားပါးပါသည်။အလုပ်လုပ်ကိုင်လိုသည့် လူဦးရေများပြားသော်လည်း ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးကြပါ သဖြင့် နည်းပညာနှင့်ဗဟုသုတ ပညာပေးခြင်းများလိုအပ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးမွေးမြူရေးအတွက် တစ်နိုင် တစ်ပိုင်ချေးငွေ၊ အတိုးနှုန်းနည်းပါးစွာဖြင့် ငွေကြေးလက်လှမ်းမီမှု အားနည်းနေသေးသည်ကို လေ့လာတွေ့ရှိရပါသည်။

**၅။ အခြေအခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းများဖြစ်သောကြောင့် ပျက်စီးနေပါသည်။ ပြုပြင်ရန် လိုအပ်နေပါသည်။ မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့် လမ်းများပျက်စီးခြင်းနှင့် နှစ်စဉ်ကြုံတွေ့နေရပါသည်။ ကျွန်တော်တို့ကျေးရွာရှိ ကွန်ကရစ်တံတားအခြေအနေမှာ အသင့်အတင့်အနေအထားတွင်ရှိကြောင်း တွေ့ရှိရပါသည်။ မိမိတို့ကျေးရွာတွင် ရေကြောင်း ဖြင့်သယ်ယူပို့ဆောင်ခြင်းမရှိပါ။ ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် ကုန်းလမ်း ကိုသာအဓိကအသုံးပြုပါသည်။ ပို့ဆောင်ရေးယာဉ်များအနေဖြင့် ဆိုင်ကယ်ကိုအသုံးပြုမှု များပါသည်။ ကျောင်းသူ/သားများမှာမူ စက်ဘီးကို အသုံးများပါသည်။

**(ခ)ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် လျှပ်စစ်မီးရရှိသော်လည်း လျှပ်စစ်မီးမမှန်ခြင်း၊ အချိန်အကန့် အသန့်ဖြင့်သာ အသုံးပြုနေရသည့်အတွက် အဆင်ပြေခြင်းမရှိပါ။ ဆိုလာအသုံးပြုသော အိမ်ထောင်စုများလည်းရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ)သတင်းနှင့်ဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာတွင် သတင်းအချက်အလက်များကို ဖုန်း၊ တီဗွီနှင့် စလောင်းတို့မှ အချိန်နှင့်တပြေးညီ သိရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပညာရေး**

ကျေးရွာရှိကျောင်းသည် မူလတန်းကျောင်းဖြစ်သဖြင့် လက်ရှိသင်ကြားပေး နေသော ဆရာ/မများနှင့်လုံလောက်မှုမရှိပါ။ ကျောင်းတွင် ကျောင်းသား/သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်မှုရှိစေရန် ရေစင်တည်ဆောက်ပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင်စာမတတ်မြောက်သူများသည် သက်ကြီးရွယ်အို အဖိုးအဘွားများ သာဖြစ်ပါသည်။ ကျောင်းနေအရွယ်သို့ရောက်သည့် ကလေးတိုင်း ကျောင်းတက်ရောက်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မူလတန်းအရွယ် ကျောင်းသား/ ကျောင်းသူဦးရေများပြားနေသည်ကို တွေ့ရှိရပါသည်။ ကျောင်းတက်နှုန်းအနေဖြင့် ခြံငုံသုံးသပ်ချက်အရ မူလတန်းအရွယ်ကျောင်းသားများတွင် အသက်(၁၀)နှစ်အထက်များ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ကျေးရွာရှိစာသင်ကျောင်းတွင် ပညာရေးအသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများ လိုအပ်နေသည်ကို လေ့လာ တွေ့ရှိရပါသည်။ ဆရာ/မလုံလောက်မှုမရှိသည့်အတွက် ပြန်လည်ချထားပေးရန် လိုအပ်ပါကြောင်း တွေ့ရှိရပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျွန်တော်တို့ကျေးရွာတွင် HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများနှင့်ပတ်သက်၍ ဖြစ်ပွားမှုမရှိပါ။ သွေးတိုး၊ ဆီးချိုရောဂါသီတုပ်ကွေးတို့ အနည်းငယ်

ဖြစ်ပွားနေသည်ကို လေ့လာတွေ့ရှိရပါသည်။ကျန်းမာရေးဌာနများမှ ကျန်းမာရေးစီမံချက်ဖြင့် ကာကွယ်ဆေးများ ကျေးရွာသို့ ပုံမှန်လာရောက်ကာ ကာကွယ်ဆေးများထိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာနရှိသဖြင့် ကျန်းမာရေးပိုင်းတွင် အခက်အခဲမရှိပါ။ ဆေးဆိုင်လည်းရှိသဖြင့် အဆင်ပြေပါသည်။ ဆေးပေးခန်းတွင် ကုသရန်ခက်ခဲသော လူနာများအား ဘားအံဆေးရုံသို့ သွားရောက်ကုသစေပါသည်။ သောက်သုံးရေရရှိမှုမှာ မိုးရာသီနှင့် ဆောင်းရာသီတွင် လုံလောက် မှုရှိပါသော်လည်း နွေရာသီတွင် ရေခမ်း ခြောက်မှုများနှင့် ကြုံတွေ့နေရပါသည်။ ကျေးရွာရှိအိမ်တိုင်းနီးပါး သန့်ရှင်းသော ယင်လုံ အိမ်သာကိုသာ အသုံးပြုနေကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်တော်တို့ကျေးရွာတွင်ရှိသော သက်ကြီးရွယ်အို မှီခိုသူတစ်ဦးမှာတော့ဖြင့် ၎င်း၏မိသားစုဝင်များမှ ကျွေးမွေးစောင့်ရှောက်ထားလျက်ရှိပါသည်။ ကျေးရွာတွင် ရေကြီးခြင်း၊မိုးခေါင်ခြင်းစသော အခြေအနေများလည်း ရံဖန်ရံခါဖြစ်ပေါ်လျက်ရှိသည့် အတွက် ထိခိုက်နစ်နာမှုအခက်အခဲများလည်း ကြုံတွေ့နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် မိုးဦးကျချိန်တွင် တုတ်ကွေး ရောဂါများ တစ်ခါတစ်ရံဖြစ်ပွားခြင်းများကို တွေ့ရှိရပါသည်။ တီရှိစ္စာန်ရောဂါလည်း ရံဖန်ရံခါ ဖြစ်တတ် သည်ကိုတွေ့ရှိရပါသည်။ ကျေးရွာရှိလူငယ်များ၊ အမျိုးသမီး ဦးဆောင်သော အိမ်ထောင် စုများသည် ကုန်ဈေးနှုန်းမြင့်တတ်ခြင်းပြဿနာများနှင့် ရင်ဆိုင်နေရသဖြင့် ရွှေ့ပြောင်း လုပ်သားဘဝအဖြစ်သို့ ရောက်ရှိသွားကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျွန်တော် တို့ကျေးရွာတွင် ဖျက်ပိုးအန္တရာယ်သည် ရံဖန်ရံခါ ကျရောက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူများ ဆောင်ရွက်သင့်သည့်နည်းပညာများ ပံ့ပိုးပေးရန်လိုအပ်ကြောင်း တွေ့ရှိရ ပါသည်။

## ၉။ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အလုပ်လုပ်နိုင်သူဦးရေ အများဆုံးတွေ့ရပြီး သက်ကြီးရွယ်အိုများနှင့်လူငယ်၊ လူလတ်ပိုင်းတွေလည်း အသင့်အတင့်ရှိပြီး ပညာတတ်တွေလည်း အနည်းအကျဉ်းရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိသောကြောင့် ၄င်းဝင်ငွေသည် ပုံမှန်ဝင်ငွေမဟုတ်သော ရာသီပေါ်ဝင်ငွေသာဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေး အလုပ်များတွင် တန်းတူဝင်ငွေရရှိသော်လည်း ပန်းရံလုပ်ငန်းများတွင် တန်းတူဝင်ငွေ မရရှိသေးသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်စာမတတ်မြောက်သူများသည် သက်ကြီးရွယ်အို အဖိုးအဘွားများသာဖြစ်ပါသည်။ ကျောင်းနေအရွယ်သို့ရောက်သည့် ကလေးတိုင်း ကျောင်းတက်ရောက်ကြပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မူလတန်းအရွယ် ကျောင်းသား/ ကျောင်းသူဦးရေများပြားနေသည်ကို တွေ့ရှိရပါသည်။ ကျောင်းတက်နှုန်း အနေဖြင့် ခြုံငုံသုံးသပ်ချက်အရ မူလတန်း အရွယ်ကျောင်းသားများတွင် အသက်(၁၀)နှစ် အထက်များ ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများသည် ကျေးရွာ၏ အုပ်ချုပ်မှုအပိုင်းတွင် ပါဝင်မှု လုံးဝမရှိပါ။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ တစုံတရာမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

၁။ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၆၀၀'x၁၂'x၆")

၂။ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၂၀၀၀'x၁၂'x၆")

၃။ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၁၅၀၀'x၁၂'x၆")

၄။ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၂၀၀၀'x၁၂'x၆")

၅။ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း(၂၀၀၀'x၁၂'x၆")

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးဝင်းသိန်း | ဥက္ကဋ္ဌ | | |
| ၂။ | ဒေါ်သန်းမြင့်တင် | အတွင်းရေးမှူး | ၃/လဘန(နိုင်)၀၃၇၉၂၇ | |
| ၃။ | ဒေါ်နော်လွီဇာ | စာရင်းကိုင် | | |
| ၄။ | ဒေါ်နန်းပုဗ္ဗာလင်း | အဖွဲ့ဝင် | | |
| ၅။ | ဦးစောသန်းဝေ | ဥက္ကဋ္ဌ(ဝယ်ဆပ်) | ၃/ဘအန(နိုင်)၂၈၃၅၃၇ | |
| ၆။ | ဒေါ်ကြည်ကြည်မြင့် | ဘဏ္ဍာရေးမှူး | ၃/ဘအန(နိုင်)၀၃၅၅၆၀ | |
| ၇။ | ဦးအောင်ချစ်ခင် | အဖွဲ့ဝင် | | |
| ၈။ | ဦးစောခင်စိုးထက် | အဖွဲ့ဝင် | | |
| ၉။ | ဦးစောသိန်းသင် | အဖွဲ့ဝင် | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁)　ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၇ | ၁၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၁၅ | ၂၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၁၇ | ၃၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၃ | ၂၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၂ | ၂၅၆ | ၅၀၈ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၈ | ၃၁ | ၁ | ၃ |
| **စုစုပေါင်း** | | **၃၁၅** | **၃၂၈** | **၆၄၃** | **၂** | **၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၃၄** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ် နှင့်၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။　　။　အလုပ်လုပ်နိုင်သူဦးရေ အများဆုံးတွေ့ရပြီး သက်ကြီးရွယ်အိုများနှင့် လူငယ် အသင့်အတင့်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၀ | ၆၁ | ၅ | ၃၅ | ၂၆ | | မြင့် ☐ √ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂ | ၁ | ၂ | | ၁၇ | မြင့် ☐ လတ်☐ √ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၃ | | ၃ | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၁ | | ၁ | | - | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၁ | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၂ | ၇ | ၂ | | ၃ | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃ | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐<br>လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br><br>(မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | | | | | | | | နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br><br>(မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၇ | ၁၀ | ၂ | ၃ | ၇ | ၁၆ | မြင့် ☐<br>လတ်☐<br>နိမ့် ☐√ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | **စုစုပေါင်း** | ၁၃၄ | ၈၄ | ၁၀ | ၄၄ | ၃၆ | ၄၂ | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။**"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်း အဖြစ်လုပ်ကိုင် လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး၊ ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သည့်အိမ်ထောင်စုနှင့် ကျပန်းအလုပ်လုပ်ကိုင်သည့် အိမ်ထောင်စုအများအပြားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ တိရစ္ဆာန်မွေးမြူရေးကိုဖြင့် စီးပွားဖြစ်မမွေးမြူနိုင်ဘဲ တစ်နိုင်တစ်ပိုင်သာမွေးမြူကြသည်ကို တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေးကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိသောကြောင့် ၄င်းဝင်ငွေသည် ပုံမှန်ဝင်ငွေမဟုတ်သော ရာသီပေါ်ဝင်ငွေသာ ဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးအလုပ်များတွင် တန်းတူဝင်ငွေရရှိသော်လည်း ပန်းရံလုပ်ငန်းများတွင် တန်းတူဝင်ငွေမရရှိသေးသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၁၁၂** | ကောင်း ☐ သင့်√☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၅၄** | ကောင်း ☐ သင့်√☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၆၆** | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်သည်။ လယ်မြေစိုက်ပျိုးခြင်းနှင့် နှစ်ရှည်ရာဘာပင် စိုက်ပျိုးခြင်းများလည်းလုပ်ကိုင်လျက်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးနည်းပညာများ လိုအပ်မှုကြောင့် အရည်အသွေးပြည့်မီသော စပါးအထွက်နှုန်း အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်သော နည်းပညာဝန်ဆောင်မှုများကိုလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာများလည်း လိုအပ်လျက်ရှိပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐√<br>နည်း ☐ မရှိ ☐ | လွယ် ☐√ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐√ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐√<br>နည်း ☐ မရှိ ☐ | လွယ် ☐√ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐√<br>အပြောင်းအလဲမရှိ ☐ |
| **သစ်တော - အပူပိုင်းသစ်တော** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |
| **သစ်တော - ဒီရေတောများ** | များ ☐ သင့်☐<br>နည်း ☐ မရှိ ☐√ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန**

**လေ့လာတွေ့ရှိချက်။** ။ သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ ကိုဖြင့် အသင့်အတင့်တွေ့ရှိရပြီး အလွယ်တကူအသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် သဘာဝမြေဩဇာအသင့်အတင့်သာရှိသောကြောင့် သစ်ရွက်ဆွေး/ခြောက်များနှင့် နွားချေး၊ ဆိတ်ချေး၊ များနှင့်သာ အသုံးပြုရသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **အလွန်နည်း (သို့) မရှိ** |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေးလုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၂၃ | ၅၀ | ၅၁ | ၁၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုများမှာ အိမ်ခြေပေါင်း(၁၁၈)ရှိပါသည်။ မြေယာပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပြီး စားဝတ်နေရေးမပြေလည်မှု များပြားပြီး အခြားတိုင်းတစ်ပါးသို့ အလုပ်ထွက်လုပ်သည့် အိမ်ထောင်စုများပြားပါသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်မှုမရှိသည့်အတွက် ပုံမှန်ဝင်ငွေများမရှိဘဲ မိသားစုဝမ်းရေးအခက်အခဲများ အမြဲဖြေရှင်း ဆောင်ရွက်နေရသည်ကို လေ့လာတွေ့ရှိရပါသည်။

(င)   ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဠစွာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၇ | ၅ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ = ____________<br>ချေးယူ = _____၃______ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | လုပ်အားခကြိုယူ = ___၂______ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာမဲ့အိမ်ထောင်စုများမှာ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိသဖြင့် ရာသီပေါ်လုပ်အားခလေးနှင့်သာ စားဝတ်နေရေးကို ဖြေရှင်းနေရသဖြင့် ဝမ်းစာဖူလုံမှုမပြည့်ဝသည်ကို လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| **မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက်** | - | - | - |
| **မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်** | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု** | | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု** | ၂ | | |
| **အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု** | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု (၂)စုရှိပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | √ | | | √ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | √ | | | √ | | |
| ၃ | မုန်တိုင်းဒီရေ | √ | | | √ | | |
| ၄ | ဆူနာမီ | √ | | | √ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | √ | | | √ | | |
| ၆ | လေဆင်နှာမောင်း | √ | | | √ | | |
| ၇ | လျှောင် | √ | | | √ | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | √ | | | √ | | |
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | √ | | | √ | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | √ | | |
| ၁၃ | တောမီးလောင်ခြင်း | √ | | | √ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | √ | | | √ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | √ | | | √ | | |
| ၁၆ | မြေပြိုခြင်း | √ | | | √ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | √ | | | √ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | √ | | | √ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | √ | | | √ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | √ | | | √ | | |
| ၂၁ | ငှက်ဖျားရောဂါ | √ | | | √ | | |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | √ | | | √ | | |
| ၂၄ | ကပ်ရောဂါ | √ | | | √ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | √ | | | √ | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | √ | | √ | | |
| ၂၇ | လူကုန်ကူးခြင်း | √ | | | √ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | √ | | | √ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။(ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်

**အိမ်ထောင်စု ၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေကြီးခြင်း၊မိုးခေါင်ခြင်းစသော အခြေအနေများလည်း ရံဖန်ရံခါဖြစ်ပေါ်လျက်ရှိသည့်အတွက် ထိခိုက်နစ်နာမှုအခက်အခဲများလည်း ကြုံတွေ့နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သည့် မိုးဦးကျချိန်တွင် တုတ်ကွေးရောဂါများတစ်ခါတစ်ရံဖြစ်ပွားခြင်းများကို တွေ့ရှိရပါသည်။ တိရိစ္ဆာန်ရောဂါလည်း ရံဖန်ရံခါဖြစ်တတ်သည်ကို တွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | √ | √ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | √ | √ | | |
| ၃ | ဆင်းရဲသားတောင်သူ | √ | | | √ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | √ | | | √ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | √ | | | √ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | √ | | | √ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | √ | | | √ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | √ | | | √ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | √ | | | √ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | √ | | | √ | | |
| ၁၁ | လူနည်းစုလူမျိုးများ | √ | | | √ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | √ | | | √ | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | √ | | | √ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | √ | | | √ | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | √ | | | √ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | √ | | | √ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | √ | | | √ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | √ | | | √ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။။။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက် မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် ကုန်ဈေးနှုန်းမြင့်တတ်ခြင်းပြဿနာများနှင့် ရင်ဆိုင်နေရသဖြင့် ရွှေ့ပြောင်းလုပ်သားဘဝအဖြစ်သို့ ရောက်ရှိသွားကြသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

